ကျွန်ုပ်တို့သည် ခက်ခဲသည့်အခါတွင်ဖြစ်စေ၊

လွယ်ကူသည့်အခါတွင်ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ၊

မနှစ်သက်သည်ဖြစ်စေ၊

ကျွန်ုပ်တို့ထက်ပိုပြီးဦးစားပေးခံရသည်ဖြစ်စေ

အုဗာဒဟ် ဗင်န် ဆွာမိသ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်တို့သည်
ခက်ခဲသည့်အခါတွင်ဖြစ်စေ၊ လွယ်ကူသည့်အခါတွင်ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ၊
မနှစ်သက်သည်ဖြစ်စေ၊ ကျွန်ုပ်တို့ထက်ပိုပြီးဦးစားပေးခံရသည်ဖြစ်စေ (အာဏာပိုင်တို့အား) နာခံမည်ဖြစ်ကြောင်း၊ ထို့ပြင် ၎င်းအာဏာပိုင်တို့အား
မပုန်ကန်ကြရန်နှင့် မည်သည့်နေရာ၌ပင်ရှိစေ အမှန်တရားကိုသာ ပြောမည်ဖြစ်ကြောင်း၊
အလ္လာဟ်အရှင်မြတ်အတွက် မည်သည့် ပြစ်တင်ကဲ့ရဲ့သူ၏ ပြစ်တင်ကဲ့ရဲ့ခြင်းကိုမျှ
ကြောက်ရွံ့စိုးရိမ်မည် မဟုတ်ကြောင်းအလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ၌
ပဋိညာဉ်ပြုခဲ့ကြသည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဆွဟာဗဟ် သာဝကကြီးများအားလွယ်ကူသည့်အခါတွင်ဖြစ်စေ၊ ခက်ခဲသည့်အခါတွင်ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ၊မနှစ်သက်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ အုပ်ချုပ်သူများ၊အာဏာပိုင်များ၏ အမိန့်ကိုနာခံကြရန်၊ ၎င်းတို့၏အမိန့်များကို မိမိတို့စိတ်ထဲမှနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ နောက်ဆုံးထိုအာဏာပိုင်များသည်ပြည်သူ့ဘဏ္ဍာများ၊ ရာထူးအာဏာများ အခြားအရာများကို အုပ်ချုပ်ခံတို့ထက်မိမိတို့ကိုယ်ကို ပိုဦးစားပေးကြလျှင်လည်း ၎င်းတို့၏အမိန့်ကို ကောင်းမွန်စွာနာခံကြမည်ဖြစ်ကြောင်း ပဋိညာဉ်ရယူခဲ့သည်။ ၎င်းတို့အားဆန့်ကျင်ပုန်ကန်မှုမပြုရခြင်းမှာ ထိုသို့ပုန်ကန်မှုကြောင့်ဖြစ်ပါ်လာသော ပြသနာများ၊ ဆိုးကျိုးများ၊ပျက်စီးဆုံးရှုံးမှုများသည် ၎င်းတို့၏မတရားမှုကြောင့်ဖြစ်ပေါ်လာသောဆိုးကျိုးများထက် ပို၍ပြင်းထန်သောကြောင့်ဖြစ်သည်။ ထို့ပြင် ဆွဟာဗဟ်ကြီးများကိုယ်တော်ထံ၌ ကတိပြုခဲ့သည့် အချက်များတွင် မည်သည့်နေရာ၌ပင်ရှိစေ အမှန်တရားကိုသာပြောမည်ဖြစ်ကြောင်းနှင့် ထိုသို့ အလ္လာဟ်အရှင်မြတ်အတွက် အမှန်တရားကိုပြောဆိုရာတွင်မည်သည့် ပြစ်တင်ကဲ့ရဲ့သူ၏ ပြစ်တင်ကဲ့ရဲ့ခြင်းကိုမျှ ကြောက်ရွံ့စိုးရိမ်မည်မဟုတ်ကြောင်းလည်းပါဝင်သည်။

http://sunnah.global/hadeeth/my/show/3061